# ကျွန်တော်တို့သည် အစိုးရလက်ကိုင်တုတ်မဟုတ် (ကိုအေးလွင်)

***စစ်ကိုင်း၊ ဇွန် – ၄***

အမျိုးသားနိုင်ငံရေးသည် အစိုးရသည်းခြေကြိုက်လည်းမဟုတ်၊ ပြည်သူလူထုသည်းခြေကြိုက်လည်းမဟုတ်၊ နိုင်ငံရေးသမားသည်းခြေကြိုက်လည်းမဟုတ်ကြောင်း ဂျေမျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) အမျိုးသားရေးဦးစီးကော်မတီ ဥက္ကဋ္ဌကိုအေးလွင်က ယနေ့ပြောကြားလိုက်သည်။

''ဒီနေရာမှာ ပြည်သူကိုပြောရင်းနဲ့ တပ်မတော်အစိုးရကိုလည်း ကျွန်တော်ဒီနေရာကနေပြောချင်တာက တပ်မတော်အစိုးရဘက်ကလည်း ကျွန်တော်တို့ကိုနားလည်ပေးရမှာ ဘာလဲဆိုတော့ ကျွန်တော်တို့သည် အစိုးရမဟုတ်ဘူး။ ကျွန်တော်တို့သည်တပ်မတော်သားတွေမဟုတ်ဘူး။ ကျွန်တော်တို့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသားတွေ မဟုတ်ဘူး။ ကျွန်တော်တို့သည် အစိုးရရဲ့လက်ကိုင်တုတ် မဟုတ်ဘူး။ ကျွန်တော်တို့သည် တပ်မတော်ရဲ့အခိုင်းအစေမဟုတ်ဘူး။ ကျွန်တော်တို့သည်လွပ်လပ်တဲ့ အမျိုးသားနိုင်ငံရေးဘဝကိုထူထောင်နေသူတွေသာဖြစ်တယ်။ ဒါကိုတော့ တပ်မတော်အစိုးရဘက်က ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား မြင်ဖို့လိုတယ်'' ဟုကိုအေးလွင်က ပြောကြားသွားခဲ့သည်။

ကိုအေးလွင် ယနေ့စစ်ကိုင်းမြို့ ထူပါရုံဘုရားဝင်းအတွင်း ကျင်းပပြုလုပ်သည့်အမျိုးသားနိုင်ငံရေးအင်အားစုများ၏ အမျိုးသားရေးတွေ့ဆုံရှင်းလင်းပွဲတွင် အထက်ပါအတိုင်းပြောကြားသွားခြင်းဖြစ်သည်။

***(သီတ)***